## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## စကားရပ်များပြောင်းလဲသတ်မှတ်သည့် ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၅/၈၉)

၁၃၅၁ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စကားရပ်များပြောင်းလဲသတ်မှတ်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းခဲ့သည့် တည်ဆဲဥပဒေများပါ "Union of Burma" ဆိုသည့် စကားရပ်အစား "Union of Myanmar" ဆိုသည့်စကားရပ်ကိုလည်းကောင်း၊ "Burma" သို့မဟုတ် "Burman" သို့မဟုတ် "Burmese" ဆိုသည့်စကားရပ်အစား"Myanmar"ဆိုသည့်စကားရပ်ကိုလည်း ကောင်းထည့်သွင်းရမည်။

၃။ (က) အင်္ဂလိပ်ဘာသာဖြင့် လက်ရှိရေးသားသုံးစွဲလျက်ရှိသည့် ပြည်နယ်၊ တိုင်း၊ မြို့နယ်စု၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သို့မဟုတ် ကျေးရွာတစ်ခုခု၏ အမည်အခေါ်အဝေါ်ကိုလည်းကောင်း၊ မြစ်၊ ချောင်း၊ တော၊ တောင် သို့မဟုတ် ကျွန်း တစ်ခုခု၏အမည်အခေါ်အဝေါ်ကိုလည်းကောင်း၊ မြန်မာအသံထွက်နှင့် ကိုက်ညီအောင် အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ရေးသားရန် လိုအပ်လျှင် အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရအစိုးရအဖွဲ့က ထုတ်ပြန်သော အမိန့်ကြော်ငြာစာတွင် ပါရှိသည့် အမည်တစ်ခုခုသည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သည့် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင်ပါရှိနေလျှင် ယင်းအမည်ကို အဆိုပါအမိန့်ကြော်ငြာစာတွင်အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ရေးသားထားသည့်အတိုင်းပြင်ဆင်ပြီးဖြစ်သည် ဟုမှတ်ယူရမည်။